
EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁)၊ မတ်လ (၅) ရက်၊ ၂၀၁၆

## တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ၁၄ နေရာစလုံးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များကိုသာ ခန့်အပ်မည်




၂ မတ်လ၊ ၂၀၁၆

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ၁၄ နေရာစလုံးအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကိုသာ ခန့်အပ်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဝင်းထိန်က ပြောကြားသည်။

မတ် ၁ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်လာသည့် ဦးဝင်းထိန်အား လွှတ်တော်အစည်းအဝေးအပြီးတွင် မေးမြန်းရာ၌ ၎င်းက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု အနက် ၁၂ ခုတွင် နေရာအများအပြား အနိုင်ရရှိထားပြီး ရခိုင်ပြည်နယ်လွှတ်တော်တွင် ၈ နေရာနှင့် ချင်းလူမျိုးကိုယ်စားလှယ် ၁ နေရာ၊ ရှမ်းပြည်နယ်လွှတ်တော်တွင် ၂၁ နေရာ၊ အင်းသားနှင့် ကယန်း(ခ) ပဒေါင်လူမျိုးကိုယ်စားလှယ် ၂ နေရာသာ အနိုင်ရရှိထားသောကြောင့် အဆိုပါ ပြည်နယ်နှစ်ခုတွင် ဝန်ကြီးချုပ်ခန့်အပ်ရေး သတင်းအမျိုးမျိုး ထွက်ပေါ်လျက် ရှိသည်။

ထိုသို့ ဝန်ကြီးချုပ်နေရာများအား NLD ရွေးကောက်ခံများကို ခန့်အပ်မည့်ကိစ္စနှင့် ပတ်သက်၍ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က ရခိုင်နှင့်ရှမ်းကိုသာ သီးခြားစဉ်းစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ်လွှတ်တော်တွင် ပြည်ခိုင်ဖြိုးပါတီမှ ရရှိထားသော လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းလိုက်ပါက ကျန်ပါတီများထက် နေရာအများဆုံး ရရှိထားသည်။ ထို့အတူ ရခိုင်ပြည်နယ်လွှတ်တော်တွင် ရခိုင်အမျိုးသားပါတီသည် နေရာအများဆုံး အနိုင်ရရှိထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ နေရာအနည်းငယ်သာ အနိုင်ရရှိထားကာ အကယ်၍သာ ရခိုင်အမျိုးသားပါတီအနေဖြင့် ပြည်နယ်အစိုးရအား ဦးဆောင်ဖွဲ့စည်းခွင့်မရှိပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဖွဲ့စည်းသည့်အစိုးရအဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်မည်မဟုတ်ဘဲ အတိုက်အခံအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်ထားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်သူ့လွှတ်တော်တွင် ၂၅၅ နေရာ၊ အမျိုးသားလွှတ်တော်တွင် ၁၃၅ နေရာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ၁၄ ခုတွင် ၄၇၅ နေရာ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် (တိုင်းရင်းသားရေးရာဝန်ကြီး) ၂၁ နေရာ အနိုင်ရရှိထားသည်။

(http://news-eleven.com မှ ကောက်နုတ်ဖော်ပြသည်)

*ဒါဟာ ပြည်ထောင်စုမှာ အနိုင်ရတဲ့ပါတီကြီးရဲ့ အရေးကြီးတဲ့ဆုံးဖြတ်ချက်ဖြစ်ပါတယ် (ဒေါက်တာအေးမောင်၊ ဥက္ကဋ္ဌ၊ ရခိုင်အမျိုးသားပါတီ-ANP)*

*အပြကောင်းအောင် တိုင်းရင်းသားပါတီတစ်ခုခုကိုတော့ ပေးသင့်တယ် (ဦးခွန်ထွန်းဦး၊ ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်-SNLD)*

*(ဝန်ကြီးချုပ်ရွေးတာကို) ကန့်ကွက်တဲ့သူရှိရင်လည်း ဥပဒေနဲ့အညီပဲ ကန့်ကွက်စေချင်တယ် (ဦးဉာဏ်ဝင်း၊ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်)*

*(The Voice Daily မှ ကောက်နုတ်ဖော်ပြချက်များ)*

### ဒုတိယအကြိမ်ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များ၏ ဥက္ကဋ္ဌ/ဒုဥက္ကဋ္ဌများစာရင်း

| အမည် | နိုင်ငံရေးပါတီ | မဲဆန္ဒနယ် | ရာထူး |
|---|---|---|---|
| ချင်းပြည်နယ် | | | |
| ဦးဇိုဘွဲ့ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ဟားခါး (၁) | ဥက္ကဋ္ဌ |
| ဦးအောင်သန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | မင်းတပ် (၁) | ဒု ဥက္ကဋ္ဌ |
| ကချင်ပြည်နယ် | | | |
| ဦးထွန်းတင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ဗန်းမော် (၂) | ဥက္ကဋ္ဌ |
| ဦးဒိန်ခမ်းဖုန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ပူတာအို (၂) | ဒု ဥက္ကဋ္ဌ |
| ကယားပြည်နယ် | | | |
| ဦးလှထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ရှားတော (၂) | ဥက္ကဋ္ဌ |
| ဦးတင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | လွိုင်ကော် (၂) | ဒု ဥက္ကဋ္ဌ |

**မြန်မာနိုင်ငံတွင် ပိုင်းခြားထားသော အုပ်ချုပ်ရေးနယ်မြေများ**

ပြည်နယ် ................၇
တိုင်းဒေသကြီး ........၇
ပြည်ထောင်စုနယ်မြေ..၁
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ .................... ၅
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ......................၁
စုစုပေါင်း................၂၁

| | | | |
|---|---|---|---|
| **ကရင်ပြည်နယ်** | | | |
| ဦးစောချစ်ခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | လှိုင်းဘွဲ့ (၂) | ဥက္ကဋ္ဌ |
| | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ကော့ကရိတ် (၁) | ဒု ဥက္ကဋ္ဌ |
| **မွန်ပြည်နယ်** | | | |
| ဒေါ်တင်အိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | သံဖြူဇရပ် (၁) | ဥက္ကဋ္ဌ |
| ဦးမင်းမင်းဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ဘီးလင်း (၂) | ဒု ဥက္ကဋ္ဌ |
| **ရခိုင်ပြည်နယ်** | | | |
| ဦးစောကျော်လှ | ရခိုင်အမျိုးသားပါတီ | ပုဏ္ဏားကျွန်း (၁) | ဥက္ကဋ္ဌ |
| ဦးဖိုးမင်း | ရခိုင်အမျိုးသားပါတီ | ရသေ့တောင် (၂) | ဒု ဥက္ကဋ္ဌ |
| **ရှမ်းပြည်နယ်** | | | |
| ဦးစိုင်းလုံးဆိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ကျိုင်းတုံ (၁) | ဥက္ကဋ္ဌ |
| ဦးစိုင်းအောင်မြတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ရွာငံ (၂) | ဒု ဥက္ကဋ္ဌ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | |
| ဦးအောင်ကျော်ခိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အင်္ဂပူ (၂) | ဥက္ကဋ္ဌ |
| ဦးစန်းမင်းအောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ဘိုကလေး (၂) | ဒု ဥက္ကဋ္ဌ |
| **ပဲခူးတိုင်းဒေသကြီး** | | | |
| ဦးခင်မောင်ရင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | လက်ပံတန်း (၁) | ဥက္ကဋ္ဌ |
| ဦးကြည်ဖင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ကျောက်တံခါး (၂) | ဒု ဥက္ကဋ္ဌ |
| **မကွေးတိုင်းဒေသကြီး** | | | |
| ဦးတာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | စလင်း (၁) | ဥက္ကဋ္ဌ |
| ဦးဇော်မျိုးဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | မြို့သစ် (၂) | ဒု ဥက္ကဋ္ဌ |
| **မန္တလေးတိုင်းဒေသကြီး** | | | |
| ဦးအောင်ကျော်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ပုသိမ်ကြီး (၁) | ဥက္ကဋ္ဌ |
| ဦးခင်မောင်ဌေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ပြင်ဦးလွင် (၂) | ဒု ဥက္ကဋ္ဌ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| ဦးသန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ကသာ (၁) | ဥက္ကဋ္ဌ |
| ဦးဘိုသန်းညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | အင်းတော် (၁) | ဒု ဥက္ကဋ္ဌ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | |
| ဦးခင်မောင်အေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ထားဝယ် (၁) | ဥက္ကဋ္ဌ |
| ဦးကြည်စိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ရေဖြူ (၂) | ဒု ဥက္ကဋ္ဌ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | |
| ဦးတင်မောင်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ဒဂုံ (၁) | ဥက္ကဋ္ဌ |
| ဦးလင်းနိုင်မြင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ကမာရွတ် (၂) | ဒု ဥက္ကဋ္ဌ |

**ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်**

စုစည်းတင်ပြသူ
ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
၀၉ ၄၅၀ ၁၀၀ ၇၅၀
၀၉ ၇၉ ၂၅၈ ၄၀၉၉

## အင်န်အယ်လ်ဒီ ခေါင်းဆောင်က တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများအား ခေါ်ယူတွေ့ဆုံ

၂၂ ဖေဖော်ဝါရီ၊ ၂၀၁၆ ဒေါ်အောင်ဆန်းစုကြည်သည်၎င်း၏NLDပါတီမှတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် နေပြည်တော်တွင် တွေ့ဆုံမည် ဖြစ်သည်။

NLD ပါတီဝင်များ မဟုတ်သော ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ လွှတ်တော် ဥက္ကဋ္ဌများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ လွှတ်တော်ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ပေါ်ပေါက်ရေးအတွက် ဆွေးနွေးမည့်vအစည်းအဝေးမတိုင်မီတွင် ထိုသို့ ခေါ်ယူတွေ့ဆုံခဲ့ခြင်း ဖြစ်သည်။



ဓာတ်ပုံ - Facebook (unknown original)
ဒေါ်အောင်ဆန်းစုကြည် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးနေစဉ်။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့တွင် လွှတ်တော်အသီးသီးမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ပါဝင်မည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌက ဦးဆောင်မည်ဖြစ်သည်။

NLD က ၎င်း၏ ပဏာမခြေလှမ်းတစ်ရပ်ဖြစ်သော အဆိုပါ အဖွဲ့အစည်းမှာ ယခင်လွှတ်တော်များတွင် မရှိခဲ့ဖူးကြောင်း၊ ဥပဒေပြုအဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ဖွဲ့စည်းခြင်း ဖြစ်ကြောင်း ပြောကြားသည်။ ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်ဥက္ကဋ္ဌများအား လွှတ်တော်ဝင်းအတွင်းရှိ ရုံးခန်းတွင်တွေ့ဆုံမည်ဖြစ်ပြီး မည်သည့်အကြောင်းအရာနှင့် ပတ်သက်၍ ဆွေးနွေးမည်ကို မသိရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက မြန်မာတိုင်းမ်သို့ ပြောကြားခဲ့သည်။

(The Myanmar Times မှ ကောက်နုတ်တင်ပြသည်)

EMReF
Enlightened Myanmar Research Foundation

## ဖတ်စရာသတင်းတိုများ

➤ရခိုင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဂွမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီပုကို လျာထားကြောင်း NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်က ပြောကြားလိုက်သည်။ (၄ မတ်လ၊ ၂၀၁၆) က နေပြည်တော်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ ဒေါက်တာဇော်မြင့်မောင်၊ ဒေါက်တာမျိုးအောင်၊ ဦးဝင်းမြင့်တို့၏ အစည်းအဝေးတွင် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ (RFA)

➤လွှတ်တော်တွင်း လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းအတွင်းရှိ လူထုအကျိုးစီးပွား ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက တိုင်းဒေသကြီးလွှတ်တော် ပထမနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ (Mizzima Burmese)

➤ မန္တလေးတိုင်းဒေသကြီး အစိုးရသစ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်မှ သမ္မတ ရွေးချယ်ပြီးမှသာ တိုင်းအစိုးရအဖွဲ့သစ်ဖွဲ့စည်းခန့်အပ်မည်ဖြစ်ကြောင်း NLD ပါတီ၏ဗဟိုကော်မတီဝင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။ (7 Days News)

➤ပြည်နယ်ဝန်ကြီးချုပ်တာဝန်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခန့်အပ်မည်ဆိုသည်မှာ ဥပဒေအရ လုပ်သင့်တာဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးတာဝန်များကို ကျန်တိုင်းရင်းသားများကို ဦးစားပေးသင့်ကြောင်း ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) အထွေထွေအတွင်းရေးမှူး ဦးစိုင်းလိတ်က ပြောသည်။ (RFA)

### ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်မှ ဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်သို့ လွှတ်တော်လုပ်ငန်းလွှဲပြောင်းပေးအပ်




ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်မှဒုတိယအကြိမ်မွန်ပြည်နယ်လွှတ်တော်သို့ လွှတ်တော်လုပ်ငန်းလွှဲပြောင်း ပေးအပ်ခြင်းကို ၂၀၁၆၊ ဖေဖော်ဝါရီ (၈) ရက်တွင် ပြည်နယ်လွှတ်တော်ဆွေးနွေးပွဲခန်းမတွင် ပြုလုပ်ခဲ့သည်။ www.monhluttaw.com


## ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၌ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များအတွက် နိုင်ငံရေးပါတီအသီးသီး၏ အနိုင်ရရှိမှုအခြေအနေပြပုံ

(The Myanmar Times မှ ကောက်နုတ်ဖော်ပြသည်)


### Kachin State





### Kayah State





### Kayin State





### Chin State




### Mon State





### Rakhine State




### Shan State




### Mandalay Region





### Bago Region





### Sagaing Region





### Ayeyarwaddy Region





### Tanintharyi Region




### Magwe Region




### Yangon Region




**သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။**

EMReF
Enlightened Myanmar Research Foundation

ကောက်နုတ်ဖော်ပြချက်များသည် မူရင်းဖော်ပြသည့်မီဒီယာအသီးသီး၏ အာဘော်သာ ဖြစ်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။